SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

## ရှမ်း/မြောက်ဒေသ တန့်ယန်းမြို့နယ် နမ့်ပန်မြစ်ကျောတစ်လျှောက်တွင် ငွေရည်ပုလဲ၏ တိုးချဲ့ သတ္တုတူး ဖော်ရေးစီမံချက် အပေါ် ဒေသခံတောင်သူမြားဆန့်ကျင်ကန့်ကွက်

### ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင် နောက်ဆုံးရ သတင်းထုတ်ပြန်ချက်

အောက်တိုဘာလ (၁၂) ရက်၊ ၂၀၂၁ ခုနှစ်

ရှမ်းပြည်မြောက်ပိုင်းဒေသ တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာအုပ်စုကို ကျော်ဖြတ်စီးဆင်းလျက်ရှိ နမ့်ပန်မြစ်ကျောတစ်လျှောက်တွင် မန္တလေးအခြေစိုက် ငွေရည်ပုလဲ စုပေါင်းကုမ္ပဏီနှင့် စစ်ကောင်စီ အရာရှိများပူးပေါင်း စီမံချက်ဖြစ်သည့် တိုးချဲ့သတ္တုတူးဖေါ်ရေးလုပ်ငန်းအား ဒေသခံ တောင်သူမြားကဆန့်ကျင်ကန့်ကွက်နေကြသည်။

အသစ်တိုးချဲ့လိုက်သည့် သတ္တုတူးဖေါ်ရေး တွင်းသစ်အကျယ်အဝန်းမှာ 850 ဧကမျှ ကျယ်ပြန့်သော နမ့်ပန်မြစ်ကမ်းနံဘေးနှစ်ဖက်ရှိ လယ်ယာမြေများကို နေရာယူထားခြင်းဖြစ်ကာ မြေအောက်တူးဖေါ်ရေးကြောင့် ရွာလုံးကျွတ်ပြောင်းရွှေ့ခြင်းခံရသည့် တက်လျက်ကျောက်မီးသွေး သတ္တုတွင်းနှင့် တစ်မိုင်ခန့်အကွာတွင် ရှိသည်။

ဒေသခံတို့က တိုးချဲ့သတ္တုတူးဖေါ်ရေးလုပ်ငန်းကို ဆန့်ကျင်ကန့်ကွက်နေခြင်းဟာ လယ်ယာမြေများ ဆုံးရှုံးမှု၏ အဓိကအကြောင်းရင်းသာ မကပဲ မြစ်ကြမ်းပြင်အောက် တူးဖေါ်ရေးလုပ်ငန်း စီမံချက်၏ ဆိုးကျိုးသက်ရောက်မှု မှာ ညစ်ညမ်းမှုအပြင် နမ့်ပန်မြစ်၏ ဂေဟစနစ်တစ်ခုလုံးပျက်စီးနိုင်တာကြောင့် အထူးစိုးရိမ်ရခြင်းဖြစ်သည်။ နမ့်ပန်မြစ်ကို အမှီပြုပြီး ဆန်စပါး ပြောင်း မြေပဲ စသည့်ကောက်ပဲသီးနှံများ စိုက်ပျိုးကာ အသက်မွေးဝမ်းကြောင်းမှုပြုနေထိုင်သည့် ဒေသတွင်းကျေးရွာ ၁၄ ရွာမှ လူဦးရေ 3,000 ကျော်ရှိပါသည်။

နမ့်ပန်မြစ်ဟာ ရှမ်းပြည်နယ် သံလွင်မြစ်၏ အဓိကမြစ်လက်တက်ဖြစ်သလို ထောင်သောင်းများစွာသော ဒေသခံကျေးရွာလူထုတို့၏ အရေးပါဆုံး သုံးရေ ရင်းမြစ်ပင်ဖြစ်သည်။

2021 ခုနှစ် မေလ 7 ရက်နေ့ - တောင်သူ ၁၅ ယောက်အား နားဟုတ်ကျေးရွာအုပ်စု ဥက္ကဋ္ဌထံသို့ ဆင့်ခေါ်ပြီး ၎င်းတို့၏လယ်ယာမြေပေါ်တွင် သတ္တုတူးဖေါ်ရေးလုပ်ငန်း အတွက် သဘောတူစာကိုလက်မှတ်ရေးထိုးစေသည်။ ဝမ်လုံ၊ ဝမ်ကျောင်း၊ ဝမ်ကောင် နှင့် ဝမ်ပိန်းမုံ ကျေးရွာများမှ တောင်သူဦးကြီးတို့အား မှတ်ပုံတင်ကဒ်ပါ ယူဆောင်လာစေပြီး အစည်းအဝေးတက်ရောက်ရန် တစ်ရက်ကြို အကြောင်းကြားထားသည်။ ကျေးရွာဥက္ကဋ္ဌ လုံးစိုင်းကွန်း ဆာခေါ် လုံးစိုင်းဆန်ဆောက ရွာသားများအားပြောသည်မှာ ငွေရည်ပုလဲကုမ္ပဏီက တစ်မီတာပတ်လည်ခန့်သာ မြေတူးစမ်းသပ်မည် ပြောတာကြောင့် တောင်သူ ၄ ယောက်က လက်မှတ်ထိုးဖို့ သဘောတူခဲ့သော်လည်း ကျန်ရှိတောင်သူ ၁၁ ဦးက လက်မှတ်ထိုးရန် ငြင်းဆန်သည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌ က လက်မှတ်ထိုးထားခြင်း မရှိသည့် တောင်သူဦးကြီး 11 ဦး၏ လက်မှတ်တုများကို ကိုယ်တိုင်ထိုးကာ တက်လျက်အခြေစိုက် ငွေရည်ပုလဲ ကုမ္ပဏီ၏ မန်နေဂျာ ဆိုသူ အောင်ကိုလတ် က ထိုနေ့ မွန်းလွဲပိုင်းတွင် ယင်းစာရွက်စာတမ်းများကို လာရောက် ယူဆောင်သွားသည်။

မေလ 8 ရက်နေ့တွင် တောင်သူများက ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA)၊ ဒေသတွင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရုံး (SNLD) နှင့် မိုင်းဟပြည်သူ့စစ်အဖွဲ့ထံသို့ သဘောတူလက်မှတ်အတုကိစ္စ နှင့် သတ္တုတူးဖေါ်ရေးလုပ်ငန်းသစ် ရပ်ဆိုင်းပေးရေး အကူအညီတောင်းခံစာ ရေးသားပေးပို့ခဲ့သည်။

သို့သော်လည်း စက်တင်ဘာလ 18 ရက်နေ့မှ တောင်သူ ၁၅ ဦးအား ကျေးရွာအုပ်စု ဥက္ကဋ္ဌ နှင့်တွေ့ရန် ဆင့်ခေါ်ချိန်အထိ ရွာသားများက ဘာအကြောင်းချင်းရာမျှ မသိရပါ။ ထိုအချိန်တွင် ငွေရည်ပုလဲ မန်နေဂျာ အောင်ကိုလတ်လည်း ရောက်နေလေသည်။ ဥက္ကဋ္ဌ နှင့် မန်နေဂျာ နှစ်ယောက်စလုံးက တောင်သူတို့၏ လယ်ယာမြေပေါ်တွင် သတ္တုတူးဖေါ်ရေး စီမံချက်အား သဘောတူညီချက် လက်မှတ်ထိုးပေးရန် တိုက်တွန်းသည်။ တောင်သူဦးကြီးများက ဘာပေးပေး ဘယ်သောအခါမှ လက်ခံလက်မှတ်ထိုးမည် မဟုတ်ကြောင်း ပြောသည်။ လယ်ယာစိုက်ပျိုးခင်းများသာ အမှီပြု အသက်မွေးဝမ်းကြောင်း ရသည့်တောင်သူဦးကြီးများက သူတို့ဘဝတစ်သက်စာ ရပ်တည်နေနိုင်ဖို့ မည်သည့်ငွေကြေး ပမာဏမျှ ၎င်းတို့ လယ်ယာမြေလောက် အာမခံပေးနိုင်မည် မဟုတ်ကြောင်း ပြောလေသည်။



*ကျောက်မီးသွေးတူးဖော်ရေးစီမံကိန်းကြီးဖြစ်မြောက်ဆိုမည်ပါက ပျက်စီးစေနိုင်သည့် နမ့်ပန်မြစ်တစ် လျှောက်ရှိ လယ်ယာခြံမြေနေရာများ*

ထိုနေ့က အစည်းအဝေးဖြစ် စဉ်မှစ၍ ကျေးရွာများစွာတို့မှ လူ ငယ်များ စုရုံးရောက်ရှိလာ ကာ တိုး ချဲ့ သတ္တုတူးဖေါ် ရေးစီမံကိန်းသစ် ကို ဆန့်ကျင်ကြရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

နားဟုတ်ကျေးရွာအုပ်စု ဥက္ကဋ္ဌသစ် လုံးစိုင်းကွန်းဆာသည် စစ်တပ်မှ အာ ဏာသိမ်းပြီးနောက် ခန့်အပ် ထား ခြင်းဖြစ်ပြီး ဒေသခံရွာသားများက မထောက် ခံကြပါ။ ဥက္ကဋ္ဌ ဟောင်း စိုင်းဘွမ်း သည် 2020 ခုနှစ် တွင် ရွာသားများနှင့် ပူး ပေါင်းကာသတ္တုတူးဖေါ်ရေးလုပ်ငန်း စီမံချက် အား ဆန့်ကျင်ကန့်ကွက် သောကြောင့် မိုင်းဟပြည်သူ့စစ်အဖွဲ့က သူ့အားခြိမ်းခြောက်ထားသည်။

## တန့်ယန်းမြို့နယ်အတွင်း နမ့်ပန်မြစ်တစ်လျှောက်တွင်ရှိ ကျောက်မီးသွေးတူးဖော်ရေး စီမံကိန်း




### စီမံချက်သစ် သတ္တုလုပ်ငန်း အနီး ကျေးရွာပေါင်း ၁၄ ရွာတို့မှ လူဦးရေ နှင့် လယ်ယာမြေ အခြေပြ

| စဥ် | နမ့်ပန်မြစ် မြောက်ဖက် | အိမ်ခြေ | လူဦးရေ | လယ်/စပါး ခင်း (ဧက) | ပြောင်းခင်း (ဧက) | မြေပဲခင်း (ဧက) |
|---|---|---|---|---|---|---|
| 1 | ဝမ်လုံ | 42 | 195 | 735 | 432 | 1,250 |
| 2 | ဝမ်ကျောင်း | 34 | 170 | 398 | 120 | 1,250 |
| 3 | ဝမ်ကောင် | 43 | 225 | 900 | 1,440 | 1,850 |
| 4 | လုတ်ကွတ် | 45 | 235 | 750 | 1,200 | 3,000 |
| 5 | ကောင်းဟုန်း | 34 | 170 | 600 | 120 | 2,500 |
| 6 | ပိန်းမုံ | 104 | 442 | 1,860 | 1,416 | 250 |
| 7 | ပုံဟောင်း | 80 | 390 | 1,650 | 400 | 1,000 |
| 8 | နားလား | 60 | 310 | 1,650 | 160 | 1,250 |
| 9 | တက်လျက် | 65 | 345 | 1,200 | 100 | 1,050 |
| | **စုစုပေါင်း** | **507** | **2,482** | **9,743** | **5,388** | **13,400** |

| စဥ် | နမ့်ပန်မြစ်တောင်ဖက် | အိမ်ခြေ | လူဦးရေ | လယ်/စပါး ခင်း (ဧက) | ပြောင်းခင်း (ဧက) | မြေပဲခင်း (ဧက) |
|---|---|---|---|---|---|---|
| 1 | ဝိန်းလန်း | 40 | 163 | 2,300 | 80 | |
| 2 | နမ့်ဆွမ် | 38 | 159 | 1,200 | 60 | 80 |
| 3 | ဟိုနား | 23 | 85 | 660 | | |
| 4 | ဝန်ဟန် | 20 | 90 | 690 | 250 | 100 |
| 5 | ဝမ်းကောင်း | 20 | 118 | 4,050 | | |
| | **စုစုပေါင်း** | **141** | **615** | **8,900** | **390** | **180** |


**ဆက်သွယ်ရန်**

စိုင်းဟော်ရှဲန် +66: 94-728-6696 (ရှမ်း, အင်္ဂလိပ်)

စိုင်းရွက်လွင် +66: 97-173-1530 (ရှမ်း, မြန်မာ)